# အိန္ဒိယနိုင်ငံ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများသို့ မြန်မာပြည်သူများ၏ အိတ်ဖွင့်ပေးစာ

**( ၂၅ ) ရက်နေ့ ၊ ဇူလိုင်လ ၊ ၂၀၂၂ ခုနှစ်**

မြန်မာဖက်ဆစ်စစ်တပ်သည် ဖေဖော်ဝါရီလ၊ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးချိန်မှစ၍ အကြမ်းဖက်ရက်စက်မှုကို ဗျူဟာအဖြစ် အသုံးပြုပြီး ကျွန်ုပ်တို့ပြည်သူများအား အကြောက်တရားဖြင့် အုပ်ချုပ်ရန် ကြိုးစားလာခဲ့သည်မှာ ယနေ့အချိန်အထိဖြစ်သည်။ စစ်တပ်သည် ဤတစ်နှစ်ကျော်တာ ကာလအတွင်း စက်ဆုတ်ရွံ့ရှာဖွယ် မုဒိန်းမှုကို လက်နက်သဖွယ်အသုံးပြုခြင်း အပါအဝင် ရက်စက်ကြမ်းကြုတ်သော နည်းလမ်းမျိုးစုံ အသုံးပြု၍ ဒီမိုကရေစီ လိုလားသော ပြည်သူများအပေါ် ထိန်းချုပ်အုပ်ချုပ်နိုင်ရန် ကြိုးစားလာခဲ့သော်လည်း "လုံးဝအုပ်ချုပ်ခွင့်မရ" သည့်အပြင် ပြည်သူများက စည်းလုံးညီညာစွာဖြင့် မိမိကိုယ်ပိုင် ယုဉ်ပြိုင်အစိုးရ အောင်မြင်စွာ တည်ဆောက်လာခြင်းကြောင့် စစ်တပ်သည် တရားဝင်မှုကင်းမဲ့သည့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

ကျွန်ုပ်တို့မြန်မာပြည်သူများသည် စစ်တပ်လက်အောက် ဆယ်စုနှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသည့် အကြမ်းဖက်မှုများ၊ ဖိနှိပ်မှုများ ၊ စစ်ရာဇဝတ်မှုများ ၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများ ၊ လူမျိုးတုန်းသတ်ဖြတ်မှုများ အပါအဝင် ဆိုးရွားသော လူ့ခွင့်ချိုးဖောက်မှုများအားကို အဆုံးသတ်နိုင်ရေး ပြန်လည်ခုခံ တွန်းလှန်နေလျက်ရှိပြီး စစ်အာဏာရှင်စနစ် အမြစ်ဖြတ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေး တို့အတွက် အသက်အိုးအိမ်များစွာရင်းနှီး၍ တိုက်ပွဲဝင်ကြလျက်ရှိသည်။

ဖေဖော်ဝါရီလ ၊ ၂၀၂၁ ခုနှစ်မှ ယနေ့အထိ ဖက်ဆစ်စစ်တပ်၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသော အပြစ်မဲ့ ပြည်သူ (၂,၀၀၀) ကျော်ရှိပြီး ပြည်သူ (၁) သန်းကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရသည့်အပြင် ရွေးကောက်ခံနိုင်ငံခေါင်းဆောင်များ ၊ အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူများ (၁၄,၀၀၀) ကျော် မတရားဖက်ဆီးနှိပ်စက် ထောင်ချခံနေရသည်။ ထို့ပြင် ဖက်ဆစ်စစ်တပ်၏ အရပ်သားများကိုပါမချန် ရည်ရွယ်ချက်ရှိရှိ လူမဆန်သော ပစ်မှတ်ထား တိုက်ခိုက်မှုများကြောင့် ကျွန်ုပ်တို့ပြည်သူများသည် စိုးရိမ်မှု ၊ ကြောက်လန့်မှုနှင့် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကြုံနေရသည့်အပြင် ကပ်ဘေး ၊ အငတ်ဘေးနှင့်လည်း ကြုံတွေ့နေရသည်ကို မိတ်ဆွေတို့ သိရှိပြီးဖြစ်သည်။ ပူးတွဲပါဖိုင်တွင် ပိုမိုပြည့်စုံသော အသေးစိတ်အချက်အလက်များကို လေ့လာနိုင်ပါသည်။

လက်ရှိမြန်မာနိုင်ငံအတွင်း ကြုံတွေ့ရသည့်ကပ်ဘေးသည် မြန်မာတစ်ခုထဲအပေါ် သက်ရောက်သည့် ပြည်တွင်းရေး ပြဿနာမဟုတ်ပါ။ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် အခြားသော မြန်မာစစ်အာဏာရှင်အားပေးသည့် နိုင်ငံများ၏ ကျောထောက်နောက်ခံပေးနှင့် ပူးပေါင်းပါဝင်မှုများဖြင့် မြန်မာပြည်၏ ဒီမိုကရေစီလှုပ်ရှားမှု တော်လှန်ရေးအား မေးမှိန်ပျောက်ကွယ်သွားစေရန် ဝိုင်းဝန်းဆောင်ရွက်နေကြသော "ဒီမိုကရေစီ လိုလားသူများနှင့် စစ်အာဏာရှင်အုပ်စု"

အားပြိုင်နေသည့် ကြီးမားသော နိုင်ငံရေးပြဿနာတစ်ခုဖြစ်သည်။ ထို့ကြောင့် လက်ရှိမြန်မာပြည် ဖက်ဒရယ်ဒီမိုကရေစီ တော်လှန်ရေး အကျိုးရလဒ်သည် မြန်မာပြည်သူများ အတွက်သာမက ကမ္ဘာ့ဒီမိုကရေစီ အင်အားစုများအပေါ်လည်း သက်ရောက်မှုရှိလာမည် ဖြစ်သည်။

ကျွန်ုပ်တို့သည် အိန္ဒိယနိုင်ငံအပါအဝင် အခြားဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် တိုက်ပွဲနေကြသော နိုင်ငံများနည်းတူ လယ်သမား ၊ အလုပ်သမား ၊ ဘာသာရေး ၊ လူမျိုးရေး နှင့်လူတန်းစား ဖိနှိပ်မှုအထွေထွေနှင့် ရင်ဆိုင်လာခဲ့ရပြီး ကျယ်ပြန့်သော အကျင့်ပျက်ခြစားမှုများ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအလေ့အထ ပျက်သုန်းခြင်းတို့ကိုလည်း အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရသောကြောင့် စစ်တပ်ကို အမြစ်ဖြတ်ခြေမှုန်းရေးအတွက် အသက်အိုးအိမ်များစွာ ပေးဆပ်ကာ ပြန်လည် ခုခံတွန်းလှန်နေကြခြင်းဖြစ်ပြီး အရှိန်လည်း ရနေပြီဖြစ်သည်။

သို့သော်လည်း မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အိမ်နီးချင်း ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံအစိုးရသည် ယနေ့အချိန်အထိ ဒီမိုကရေစီ လိုလားသော မြန်မာပြည်သူများနှင့် မရပ်တည်သည့်အပြင် ဖက်ဆစ်စစ်တပ်ကို လက်နက်ထောက်ပံ့ခြင်းများ ၊ နိုင်ငံရေးအရ တရားဝင်မှုပေးခြင်းများ ဆောင်ရွက်လျက် ရှိသည်။ အိန္ဒိယနိုင်ငံ စစ်တပ်သည် နိုင်ငံရေးနှင့်တော်လှန်ရေး အင်အားစုများအပေါ် ဖမ်းဆီးမှုများလဲ တိုးမြှင့်လုပ်ဆောင်လျက် ရှိသည်။ ထို့အပြင် မြန်မာစစ်အာဏာရှင်အုပ်စုအား ပစ်မှတ်ထား၍ အခြားသော ဒီမိုကရေစီနိုင်ငံများက စီးပွားရေးပိတ်ဆို့မှုများ လုပ်ဆောင်ကြချိန်တွင် အိန္ဒိယနိုင်ငံအစိုးရသည် မြန်မာစစ်အုပ်စုနှင့် လက်တွဲ၍ မြန်မာပြည်တွင်းရှိ ၎င်းတို့၏စီမံကိန်းများအား ဆက်လက်အကောင်အထည် ဖော်ခြင်းအားဖြင့် မြန်မာဖက်ဆစ် စစ်တပ်ကို သွေးစွန်းငွေများ ပံ့ပိုးပေးလျက်ရှိပါသည်။

ပြည်သူများကို သတ်ဖြတ်ဖြင်း ၊ ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခြင်း နေ့စဉ်ရက်ဆက် ကျူးလွန်နေသည့် နိုင်ငံတကာ ရာဇဝတ်တရားခံ မြန်မာဖက်ဆစ်စစ်အုပ်စု၏ ပြည်သူမပါသော ထင်ရာစိုင်း ရွေးကောက်ပွဲအစီအစဉ်ကို အားပေးကူညီသွားမည်ဖြစ်ကြောင်း ၂၀၂၁ ခုနှစ် နှစ်ကုန်ခါနီးတွင် အသစ်ခန့်အပ်လိုက်သော အိန္ဒိယသံအမှတ် Vinay Kumar က ဖေဖရယ်လ ၊ ၂၀၂၂ ခုနှစ် တွင်ထုတ်ဖော်ပြောကြားခဲ့သည်။ ကျွန်ုပ်တို့ပြည်သူများ၏ များစွာသော ဒုက္ခဝေဒနာများကို လစ်လျူရှုလိုက်သည့် နိုင်ငံတကာရာဇဝတ်မှု အားပေးသော ထပ်လောင်း ထိုးနှက်ချက် တစ်ခုဖြစ်သည်။

ထို့ကြောင့် မြန်မာပြည်သူတို့သည် “India People’s Solidarity is the key to Myanmar’s Democracy Movement” ဆိုသည့် ပြည်သူအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှုအပေါ် ယုံကြည်ချက်ဖြင့် အိန္ဒိယပြည်သူများထံမှ အကူအညီရရှိရေး လှုပ်ရှားမှုများကို India For Myanmar တည်ထောင်ကာ ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ပါသောကြောင့် အိန္ဒိယပြည်သူမှ ပေါက်ဖွားလာသည့် အိန္ဒိယနိုင်ငံ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ အနေဖြင့် အောက်ပါ အချက်များအား ဆောင်ရွက်ခြင်းဖြင့် မြန်မာပြည်သူများကို ဝိုင်းဝန်းကူညီကြရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။

**(၁) အိန္ဒိယပြည်သူများအနေဖြင့် ဒီမိုကရေစီရေးအတွက် မြန်မာပြည်သူနှင့်အတူ ရပ်တည်ကြောင်း ထုန်ဖော်ပြသရန်။**

**(၂) အိန္ဒိယအစိုးရက မြန်မာဖက်ဆစ်စစ်အုပ်စုကို နိုင်ငံရေးတရားဝင်မှုပေးခြင်းနှင့် လက်နက်ထောက်ပံ့မှုများ လုံးဝ ရပ်တန့်အောင် ဖိအားပေးရန်။**

**(၃) အိန္ဒိယအစိုးရက မြန်မာဖက်ဆစ်စစ်အုပ်စုကို စီးပွားရေးပိတ်ဆို့မှုများ လုပ်ဆောင်အောင် ဖိအားပေးရန်။**

**(၄) မြန်မာဖက်ဆစ်စစ်အုပ်စုကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးနေရသည့် စစ်ဘေးဒုက္ခသည်များအား လူသားချင်း စာနာမှုဖြင့် ဝိုင်းဝန်းကူညီရန်နှင့် ၎င်းတို့ကို အိန္ဒိယအစိုးရမှ လူသားချင်းစာနာမှုအကူအညီပေးအောင် တိုက်တွန်းရန်။**

အထက်ပါအချက်များ အကောင်အထည်ပေါ်လာအောင် အိန္ဒိယပြည်သူများ၏ ပူးပေါင်းဆောင်ရွက် အိန္ဒိယအစိုးရအား တိုက်တွန်းနိုးဆော်နိုင်မည်ဟု ဒီမိုကရေစီလိုလားသည့် မြန်မာနိုင်ငံသားများအားလုံးက ယုံကြည်ပါသည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် မြန်မာပြည်သူများ၏ တိုက်ပွဲအား အသိအမှတ်ပြု ဝိုင်းဝန်းကူညီခြင်းအားဖြင့် မြန်မာနိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံနှင့် ကမ္ဘာတစ်ဝှမ်းတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ပြန့်နှံ့ထွန်းကားအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြသော အိန္ဒိပြည်သူများအားလုံးကို လေးစားစွာ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**မြန်မာ တော်လှန်ပြည်သူများ၊ နိုင်ငံရေး နှင့် အရပ်ဘက် အင်အားစုများ**

---

ယခုအိတ်ဖွင့်ပေးစာအား အဖွဲ့အစည်း စုစုပေါင်း (၁၈၃) ဖွဲ့တို့မှ ပါဝင် လက်မှတ်ရေးထိုး ပေးပို့ခြင်း ဖြစ်သည်။ အောက်ပါ လက်မှတ်ရေးထိုးထားသော အမည်ဖော်ပြပါ အဖွဲ့အစည်း (၁၁၆) ဖွဲ့သည် ဒေသတွင်းနှင့် နိုင်ငံတကာ အရပ်ဘက် လူထုအဖွဲ့အစည်းများ၊ နွေဦးတော်လှန်ရေး သပိတ်ကော်မတီများနှင့် ကျောင်းသားသမဂ္ဂများ ဖြစ်ကြသည်။ ထိုအဖွဲ့များအပြင် ဤစာကို အမည်မဖော်ပြလိုသည့် မြန်မာနိုင်ငံမှ နောက်ထပ်သော အဖွဲ့အစည်း နှင့် လူပုဂ္ဂိုလ် (၆၇) ဖွဲ့တို့လည်း ပါဝင်လက်မှတ်ရေးထိုးထားပါသည်။

**ဆက်သွယ်ရန်**


1. Salai Dokhar +919-362-212819 (Call), +959-756-208376 (Signal)
2. Thinzar Shunlei Yi +959-795-574775 (Signal)
3. John +959-445-995371 (Signal)


1. A-Yar-Taw People Strike
2. Action Committee for Democracy Development
3. Action Committee of Basic Education Students

4. All Arakan Students and Youths' Congress (AASYC)
5. All Burma Federation of Student Unions (Monywa District)
6. All Kachin Youths Union (AKYU)
7. Alliance of Students' Union – Yangon (ASU-Yangon)
8. Anti-Dictatorship in Burma - DC Metropolitan Area (ADB-DCMA)
9. Anti-junta Forces Coordination Committee (ACFCC -Mandalay)
10. Arakan CSO Network
11. Arakan Humanitarian Coordination Team- AHCT
12. Asonehti Ponekan Mae Yangon Strike
13. Athan - Freedom of Expression Activist Organization
14. Basic Education General Strike Committee (BEGSC)
15. Basic Education Worker Unions - Steering Committee (BEWU-SC)
16. Blood Money Campaign
17. BURMESE COMMUNITY IN FRANCE
18. CDM Medical Network (CDMMN)
19. Chin Relief Funding Program -CRFP
20. Chin Youth Organization- Matupi
21. Chindwin (West) Villages Women Strike
22. Citizen of Burma Award (New Zealand)
23. Civil Information Network (CIN)
24. Civil Society Organizations Coordination Committee (Monywa)
25. Coalition Strike Committee – Dawei
26. CRPH & NUG Supporters Ireland
27. CRPH Funding Ireland
28. CRPH, NUG Support Team Germany
29. CRPH/NUG Support Group India
30. Dawei (Ashaetaw) Women Strike
31. Dawei Youths Revolutionary Movement Strike Committee
32. Democracy Movement Strike Committee – Dawei

33. Democracy, Peace, and Women’s Organization
34. Democratic Youth Council
35. Depayin Women Strike
36. Educational Initiatives
37. Ethnic Youth Group (Mandalay)
38. European Karen Network (EKN)
39. Former Political Prisoners and New Generation Group – Monywa
40. Free Rohingya Coalition
41. Gangaw Women Strike
42. General Strike Collaboration Committee (GSCC)
43. General Strike Committee of Basic and Higher Education (GSCBHE)
44. Generation (မျိုးဆက်)
45. India For Myanmar
46. Kachin Human Rights Watch - KHRW
47. Kachin State Civilian Movement
48. Kachin Student Union
49. Kalay Township Strike Force
50. Kalay Women Strike
51. Karen Swedish Community (KSC)
52. Kuki Students' Democratic Front - KSDF
53. Kuki Students’ Organization (Myanmar)
54. Kuki Women's Human Rights Organization
55. Labor Alliance (LA)
56. Latpadaung Region Strike Committee
57. LGBT Alliance
58. LGBT Alliance Myanmar (Kalay Region)
59. LGBT Alliance Myanmar (Kyaukse Region)
60. LGBT Community Yangon
61. LGBT Union Mandalay

62. Magway People's Revolution Committee
63. Mandalay Engineer Group (MEG)
64. Mandalay Medical Family (MFM)
65. Mandalay Women Strike
66. Mandalay-Based University Students’ Unions (MDY_SUs)
67. Minority Affairs Institute - MAI (Myanmar)
68. Monywa LGBT Strike
69. Monywa People's Strike Steering Committee
70. Monywa Women Strike
71. Monywa-Amyint Road Strike Leading Committee
72. Monywa-Amyint Road Women Strike
73. Myanmar Alliance for Transparency and Accountability – MATA
74. Myanmar Banker Union – MBU
75. Myanmar CDM Association
76. Myingyan Civilian Movement Committee
77. National League for Democracy (Monywa Township)
78. Network for Advocacy Action
79. Network for Human Rights Documentation-Burma (ND-Burma)
80. Network of University Student Unions – Monywa
81. NRFF - New Rehmonnya Federated Force
82. OCTOPUS (Youth Organization)
83. Progressive Voice - PV
84. Pyay Township Coalition Strike Committee
85. Reliable Organization
86. Representative Committee of University Teacher Associations (RC of UTAs)
87. Representing The Arrested People Strike
88. Samgha Samagga Mandalay
89. Second Tap Root Organization
90. Sisters 2 Sisters

91. Sitt Nyein Pann Foundation
92. Sound of Struggle Myanmar (SOS MYANMAR)
93. Student Union Representatives Committee - SURC
94. Support group for Democracy in Myanmar (The Netherlands)
95. Tamu District Indigenous Organization (TDIO)
96. Tanintharyi People's Voice
97. Taze Women Strike
98. Thakhin Kodaw Mhine Peace Network (Monywa)
99. Thayat Chaung Women Strike
100. The 88 Generation Peace and Open Society (Monywa)
101. Twitter Team for Revolution
102. University Students' Unions Alumni Force
103. We Love Motherland-MM(Malaysia)
104. Wetlet Revolution Leading Committee
105. Wetlet Township Women Strike
106. White Coat Society Yangon (WCSY)
107. Women Advocacy Coalition - Myanmar (WAC-M)
108. Women Alliance Burma (WAB)
109. Yadanabon University Students' Union (YDNBUSU)
110. Yangon Women Strike
111. YG Network
112. Yinmarpin (east) and Salingyi (North) Villages Strike Committee
113. Youth Development Institute (YDI)
114. Youth Network - Tanintharyi
115. Youths Union
116. Youths Union (Pathein)

And 67 anonymous Civil Society Organizations and Individuals.